# D အခြားအကြောင်းကြားခြင်းများ

D အခြားအကြောင်းကြားခြင်းများထိပ်ဆုံးသို့

သင်ဂျပန်နိုင်ငံ၌ နေထိုင်စားသောက်ဖို့ရာဂယ် နေထိုင်သူမှတ်ပုံတင်၊ ပြည်သူ့ကျန်မာရေးအာမခံ၊ လက်မှတ်တံဆိပ်တုံးမှတ်ပုံတင် စသည့်တို့ကို မြို့နယ်အစိုးရရုံးတွင် လျှောက်ထားလုပ်ဆောင်ရန်လိုအပ်ပါသည်။ လုပ်ထုံး လုပ်နည်းများနှင့် ၎င်းကိစ္စအဝဝများကို ကိုင်တွယ်သော ဂျပန်နိုင်ငံ၏ ဒေသအစိုးရရုံး နှင့်ပတ်သတ်၍ မိတ်ဆက်ပေးပါမည်။

## 1 မြို့နယ်အစိုးရရုံး

သင်ဂျပန်နိုင်ငံတွင် နေထိုင်စားသောက်သောအခါ၌ လိုအပ်သော အမျိုးမျိုးသောလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ပေးသော နေရာမှာ မြို့နယ်အစိုးရရုံးဖြစ်သည်။

### (1) မြို့နယ်အစိုးရရုံး၏တာဝန်

သင်နေထိုင်နေသော မြို့နယ်ရှိ မြို့နယ်အစိုးရရုံးသည် အမျိုးမျိုးသော အကြောင်းကြားလျှောက်ထားခြင်းများ၊ လုပ်ထုံးလုပ်နည်းများကို လက်ခံဆောင်ရွက်ပေးသည့် နေရာဖြစ်သည်။ ထို့ပြင် ကိစ္စအဝဝများကိုလည်း မေးမြန်းတိုင်ပင်နိုင်ရန် ကောင်တာထားရှိသောကြောင့် အခက်အခဲတစ်စုံတစ်ရာပေါ်လာပါက စိတ်လက်ပေါ့ပါးစွာ တိုင်ပင်နိုင်ပါသည်။

မြို့နယ်အစိုးရရုံးတွင် အောက်ပါလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်နိုင်သည်။

| နေထိုင်သူမှတ်ပုံတင် | ပြည်သူ့ပင်စင် | | ပြည်သူ့ကျန်မာရေးအာမခံ |
|---|---|---|---|
| မူလတန်း ၊ အလယ်တန်း ဝင်ခွင့် | လက်ထပ်ပုံစံတင်သွင်းခြင်း | မွေးဖွားမှုအကြောင်းကြားခြင်း | သေဆုံးမှုအကြောင်းကြားခြင်း |

### (2) ရုံးပိတ်ရက် ၊ ညအချိန်ကောင်တာ

မြို့နယ်အပေါ်မူတည်၍ ရုံးပိတ်ရက်များနှင့် ညအချိန်တွင် ထောက်ခံစာအမျိုးမျိုးကိုရယူနိုင်ရန် အလိုအလျှောက်ထုတ်ပေးစက်များ တပ်ဆင်ထားသည်။ ထို့ပြင် ရုံးပိတ်ရက်နှင့် ညအချိန်၌ လုပ်ထုံးလုပ်နည်းများကို ဖုန်း၊ အီးမေးလ်ဖြင့်မေးမြန်းပါက ဖြေကြားပေးသော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့် နေရာများလည်း ရှိသည်။